# အသိပေးကြေညာချက်

## Covid-19 နှင့်ပတ်သက်သော Prescription only Medicine (POM) ဆေးဝါးများ အတွက် ယာယီဖြေလျော့မှု

Covid-19နှင့်ပတ်သက်၍ အသုံးပြုနေရသည့် ဆရာဝန်ညွှန်ကြားချက်ဖြင့်သုံးစွဲရမည့် ဖော်ပြပါ Prescription only Medicine (POM) ဆေးဝါးများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အောက်ပါအတိုင်း ယာယီဖြေလျော့ ဆောင်ရွက်ပေး သွားမည်ဖြစ်သည်။

<u>POM ဆေးဝါးများ</u>- Azithromycin, Co-Amoxiclav, Levofloxacin, Cough suppressant (Dextromethorphan), Metoclopramide, Dexamethasone Tablet/ Injection, Enoxaparin injection 40/60 mg

- အထက်ပါဆေးဝါးများနှင့်ပတ်သက်၍ high risk များဖြစ်၍ ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ရရှိထားပြီး၊ **မှတ်ပုံတင်(DRC)သက်တမ်းတိုးဆဲ** ဖြစ်ပါက သတ်မှတ်စာအုပ်(Document) အပ်နှံပြီးကြောင်း အထောက်အထားဖြင့် တင်သွင်းခွင့် ပြုခြင်း။

- မှတ်ပုံတင်မရှိသောဆေးဝါးဖြစ်ပြီး high risk product များဖြစ်၍ စဉ်းစားရန် မသင့်သော်လည်း DIAC ရရှိထားသည့် ကုမ္ပဏီများအတွက် ထုတ်လုပ်နိုင်ငံတွင် မှတ်ပုံတင်ရရှိထားမှု၊ ဆေးဝါး၏ဓါတ်ခွဲအဖြေကောင်းမွန်မှု၊ တင်သွင်းသူအနေဖြင့် မိမိတင်သွင်းသည့် ဆေးဝါးနှင့်ပတ်သက်၍ အရည်အသွေး၊ အာနိသင်၊ ဘေးကင်းရှင်းမှုကို တာဝန်ယူမှု/ တာဝန်ခံမှုရှိပါက တင်သွင်းခွင့်ပြုခြင်း။

- မှတ်ပုံတင်မရှိသောဆေးဝါးများဖြစ်သော်လည်း လှူဒါန်းမည့်ဆေးဝါးဖြစ်လျှင်ဆေးဝါး ရရှိမှု source (ထုတ်လုပ်စက်ရုံ/ တရားဝင်ကိုယ်စားလှယ် အထောက်အထား)၊ ဆေးဝါး၏ Certificate of Analysis ဖြင့် မိမိတင်သွင်းသည့် ဆေးဝါးနှင့်ပတ်သက်၍ အရည်အသွေး၊ အာနိသင်၊ ဘေးကင်းရှင်းမှုကို တာဝန်ယူမှု/ တာဝန်ခံမှုရှိပါက တင်သွင်းခွင့်ပြုခြင်း။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန